# ပထမ ပုဂ္ဂလိက ဘဏ် လီမိတက်
# FIRST PRIVATE BANK LIMITED

No. 619 ~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.

TELEPHONE : 095 1 376 451 ~ 452 / 378 268 ~ 269. 095 1 251 748 ~ 749 / 246 786.
FAX : 095 -1- 242 320 / 250 148 / 251 747.
Website : www.firstprivatebank.com.mm
e-mail : fpbho.ygn@gmail.com; hofirst.private@gmail.com fpbbank@myanmar.com.mm


## (၂၀၁၇–၂၀၁၈) ဘဏ္ဍာရေးနှစ် ပထမနှစ်ဝက်ချုပ်၊ ဘဏ္ဍာရေးရှင်းတမ်းအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ သုံးသပ်ချက်အားထုတ်ပြန်ခြင်း

ပထမပုဂ္ဂလိကဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့သည် ၂၀၁၇ခုနှစ်စက်တင်ဘာလ(၃၀)ရက်နေ့ကုန်ဆုံးသော ၂၀၁၇–၂၀၁၈ဘဏ္ဍာရေးနှစ် နှစ်ဝက်ချုပ်(၆)လ အတွက်ဘဏ်၏ပြင်ပစာရင်းစစ်စစ်ဆေးခြင်းမပြုရသေးသော နှစ်ဝက်ချုပ် ဘဏ္ဍာရေးရှင်းတမ်းများကို ကြေညာချက်နှင့်အတူ ပူးတွဲထုတ်ပြန်အပ်ပါသည်။

ပထမပုဂ္ဂလိကဘဏ်ဒါရိုက်တာအဖွဲ့၏ နှစ်ဝက်ကာလ ဘဏ္ဍာရေးရှင်းတမ်းနှင့်ပတ်သက်၍ သုံးသပ်ချက်နှင့် ဆွေးနွေးချက်များကို အောက်ပါအတိုင်း အသိပေးတင်ပြအပ်ပါသည်။

**FIRST PRIVATE BANK LIMITED**
**STATEMENT OF INCOME FOR 30 SEPTEMBER 2017 (SUMMARY)**
**(Unaudited)**

**(Kyats in Thousands)**

| | 2017-18(Half Year) | 2016-17(Half Year) | % Change |
|---|---|---|---|
| Total Interest Income | 10,492,398 | 9,664,782 | 8.56 |
| Total Interest Expenses | 6,705,816 | 6,311,038 | 6.26 |
| Net Interest Income | 3,786,582 | 3,353,744 | 12.91 |
| Other Operating Income | 1,556,873 | 1,749,324 | -11.00 |
| Total Operating Income | 5,343,455 | 5,103,068 | 4.71 |
| Operating Expenses | | | |
| Staff Expenses | 913,681 | 776,147 | 17.72 |
| Other Operating Expenses | 437,493 | 338,865 | 29.11 |
| Total Operating Expenses | 1,351,174 | 1,115,012 | 21.18 |
| Net Income | 3,992,281 | 3,988,056 | 0.11 |

၁။ ပထမပုဂ္ဂလိကဘဏ်၏(၂၀၁၇–၂၀၁၈)ဘဏ္ဍာရေးနှစ်ပထမနှစ်ဝက်အတွက် အတိုးဝင်ငွေစုစုပေါင်း (Total Interest Income) သည် (၂၀၁၆–၂၀၁၇)ဘဏ္ဍာရေးနှစ်၏ ပထမနှစ်ဝက်ထက် **၈. ၅၆ ရာခိုင်နှုန်း** ပိုမိုရရှိပါသည်။ (၂၀၁၇–၂၀၁၈) ဘဏ္ဍာရေးနှစ်ဝက်အတွက် အတိုးစရိတ်စုစုပေါင်း(Total Interest Expense) မှာ **၆. ၂၆ ရာခိုင်နှုန်း** တိုးခဲ့ပါသည်။ အသားတင်အတိုးဝင်ငွေ(Net Interest Income)မှာ (၂၀၁၆–၂၀၁၇)ဘဏ္ဍာရေးနှစ်ဝက်ချုပ်ထက် **၁၂. ၉၁ ရာခိုင်နှုန်း** ပိုမိုရရှိခဲ့ပါသည်။

၂။ သို့ရာတွင် အခြားလုပ်ဆောင်မှုဝင်ငွေများ (ဝန်ဆောင်ခများ၊ငွေလွှဲလုပ်ငန်းမှဝင်ငွေများ၊နိုင်ငံခြားငွေလဲလှယ် ရောင်းဝယ်ရေးလုပ်ငန်းမှဝင်ငွေများ)(Other Operating Income)မှာ **၁၁. ၀၀ရာခိုင်နှုန်း** လျော့နည်းခဲ့ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ (၂၀၁၆–၂၀၁၇)ဘဏ္ဍာရေးနှစ် ပထမနှစ်ဝက်တွင် နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ မတည်ငြိမ်ဘဲ အတက်၊အကျ များခဲ့သဖြင့် ငွေလဲလှယ်နှုန်းကွာခြားချက်ကြောင့် ဝင်ငွေများစွာရရှိခဲ့ပါသည်။ ယခု (၂၀၁၇–၂၀၁၈) ဘဏ္ဍာရေးနှစ် ပထမနှစ်ဝက်တွင် နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ တည်ငြိမ်မှုရှိပြီး အပြောင်းအလဲအနည်းငယ်သာ ရသဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်းမှရရှိသောဝင်ငွေမှာ လျော့နည်းခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

၃။ (၂၀၁၇–၂၀၁၈)ဘဏ္ဍာရေးနှစ်ပထမနှစ်ဝက်လုပ်ငန်းအသုံးစရိတ်(Operating Expenses)တွင် ဝန်ထမ်းလစာနှင့် စရိတ်(Staff Expense)များကို အထိုက်အလျောက် တိုးပေးရသည့်အပြင် ဘဏ်ခွဲအသစ်(၂)ခုထပ်မံဖွင့်လှစ်ခဲ့သဖြင့် ဝန်ထမ်းလစာနှင့် စရိတ်များ (Staff Expense )မှာ **၁၇. ၇၂ ရာခိုင်နှုန်း** ပိုမိုကုန်ကျခဲ့ပါသည်။

၄။ အခြားအသုံးစရိတ်များ(Other Operating Expenses)တွင် (၂၀၁၇–၂၀၁၈)ဘဏ္ဍာရေး ပထမနှစ်ဝက်တွင် တီးတိန်ဘဏ်ခွဲနှင့်မြစ်ကြီးနားဘဏ်ခွဲ အသစ် (၂)ဘဏ် ထပ်မံဖွင့်ခဲ့၍ ယခင်နှစ်(၂၀၁၆–၂၀၁၇) ဘဏ္ဍာရေးနှစ် ပထမနှစ်ဝက်ထက် အသုံးစရိတ် **၂၉. ၁၁ ရာခိုင်နှုန်း** ပိုမိုကုန်ကျခဲ့ပါသည်။

နိဂုံးချုပ်အားဖြင့်ပထမပုဂ္ဂလိကဘဏ်လီမိတက်၏(၂၀၁၇–၂၀၁၈)ဘဏ္ဍာရေးနှစ်ပထမနှစ်ဝက်တွင်ဘဏ်လုပ်ငန်းများမှာ ပုံမှန်တိုးတက်ကောင်းမွန်လျှက်ရှိကြောင်း ဘဏ်အစုရှယ်ယာရှင်များနှင့်ရင်းနှီးမြှုပ်နှံသူများအား အသိပေးအစီရင်ခံအပ်ပါသည်။

# FIRST PRIVATE BANK LIMITED
## STATEMENT OF FINANCIAL POSITION AS AT 30 SEPTEMBER 2017
## (Unaudited)

**(Kyats in Thousands)**

| ASSETS | 2017-18 (Half Year) | 2016-17 (Half Year) | % Change |
|---|---|---|---|
| Cash at Bank[1] | 14,169,118 | 21,171,582 | -33.07 |
| Cash with Central Bank of Myanmar[2] | 9,612,561 | 15,661,586 | -38.62 |
| Cash with other banks[3] | 16,258,098 | 8,994,137 | 80.76 |
| Loans & Overdrafts[4] | 158,463,617 | 135,180,480 | 17.22 |
| Advances & Receivables[5] | 7,372,426 | 4,793,704 | 53.79 |
| Stock (Stationary) | 34,511 | 23,443 | 47.21 |
| Investments | 23,202,300 | 35,164,389 | -34.02 |
| Property, Plant & Equipment | 6,966,307 | 6,196,585 | 12.42 |
| Acceptance, Endorsement & Guarantee | 812,699 | 723,098 | 12.39 |
| **Total Assets** | **236,891,637** | **227,909,004** | 3.94 |
| **LIABILITIES** | | | |
| Total Deposits[6] | 177,527,506 | 168,037,086 | 5.65 |
| Other Liabilities[7] | 1,545,731 | 3,667,217 | -57.85 |
| Payment Orders | 47,512 | 133,969 | -64.54 |
| Provision for Income Tax | 0 | 2,137,197 | |
| Borrowing from CBM | 0 | 0 | |
| Dividend Payable | 82,636 | 144,255 | -42.72 |
| Acceptance, Endorsement & Guarantee | 812,699 | 723,098 | 12.39 |
| **Total Liabilities** | **180,016,084** | **174,842,822** | 2.96 |
| EQUITY | | | |
| Issued & Paid Up Capital | 24,720,530 | 24,025,740 | 2.89 |
| Share Premium | 11,846,012 | 10,456,618 | 13.29 |
| Reserves & Retained Earnings | | | |
| General Reserve (Statutory) | 11,946,434 | 10,327,789 | 15.67 |
| General Provision(Loans) | 3,158,962 | 2,862,060 | 10.37 |
| Reserves for Contingencies | 223,261 | 201,347 | 10.88 |
| Other Reserves | 388,117 | 288,117 | 34.71 |
| Retained Earnings[8] | 316,479 | 505,810 | -37.43 |
| Surplus Income | 4,275,758 | 4,398,701 | -2.79 |
| **Total Equity** | 56,875,552 | 53,066,182 | 7.18 |
| Total Equity & Liabilities | **236,891,637** | **227,909,004** | 3.94 |

---

1 အမှတ်စဉ် ၁
2 အမှတ်စဉ် ၂
3 အမှတ်စဉ် ၃
4 အမှတ်စဉ် ၄
5 အမှတ်စဉ် ၅
6 အမှတ်စဉ် ၆
7 အမှတ်စဉ် ၇
8 အမှတ်စဉ် ၈

# (၂၀၁၇–၂၀၁၈) ဘဏ္ဍာရေးနှစ်ပထမနှစ်ဝက်ချုပ်၊ လက်ကျန်ရှင်းတမ်းရှင်းလင်းချက်

၁။ (၂၀၁၇–၂၀၁၈)ဘဏ္ဍာရေးနှစ် ပထမနှစ်ဝက်တွင် ဘဏ်ငွေလက်ကျန် (Cash at Bank) မှာ (၂၀၁၆–၂၀၁၇) ဘဏ္ဍာရေးနှစ် ပထမနှစ်ဝက်ထက် **၃၃. ၀၇ ရာခိုင်နှုန်း** လျော့နည်းပါသည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(Cash with Central Bank) တွင်လည်းသီးသန့်ငွေလိုအပ်ချက် ပြည့်မီရန်သာထားခဲ့သဖြင့် ဗဟိုဘဏ်ငွေလက်ကျန်မှာလည်း **၃၈. ၆၂ ရာခိုင်နှုန်း** လျော့နည်းပါသည်။

၃။ အခြားဘဏ်များရှိငွေလက်ကျန် (Cash with other bank)မှာ **၈၀. ၇၆ ရာခိုင်နှုန်း** ပိုမိုထားရှိခဲ့ပါသည်။ ၎င်းမှာ (၂၀၁၇–၀၁၈)ဘဏ္ဍာရေးနှစ်ပထမနှစ်ဝက်တွင်နိုင်ငံခြားအဆက်အသွယ်ဘဏ်များနှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ နိုင်ငံခြားဘဏ်လုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ခဲ့သဖြင့် UOB, OCBC, UBI အပါအဝင် နိုင်ငံခြားအဆက်အသွယ်ဘဏ်များ (Correspondence Bank) တွင် နိုင်ငံခြားငွေလက်ကျန်များ ပိုများလာသဖြင့် (Cash with other banks) မှာ (၂၀၁၆–၂၀၁၇)ဘဏ္ဍာရေးနှစ် ပထမနှစ်ဝက်ထက် ပိုများလာခြင်းဖြစ်ပါသည်။

၄။ ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၂၀၁၇–၂၀၁၈)ဘဏ္ဍာရေးနှစ်၊ ပထမနှစ်ဝက် ဘဏ္ဍာရေးအခြေအနေ(Financial Position) မှာ ဘဏ်အမြတ်ငွေများ ပိုမိုရရှိနိုင်ရန်အတွက် ချေးငွေနှင့် စာရင်းပိုထုတ် ချေးငွေများ( Loans & Overdrafts) ပိုမိုထုတ်ချေးခဲ့သဖြင့် ယခင်နှစ်(၂၀၁၆–၂၀၁၇)ဘဏ္ဍာရေးနှစ်ပထမနှစ်ဝက်ထက် **၁၇. ၂၂ရာခိုင်နှုန်း** ပို၍ထုတ်ချေးနိုင်ခဲ့ပါသည်။

၅။ ဒါရိုက်တာအဖွဲ့မှပထမပုဂ္ဂလိကဘဏ်ကို Core Banking စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ ခေတ်မီ ဘဏ်လုပ်ငန်းများဆောင်ရွက်ရန် ဆုံးဖြတ်ထားသဖြင့် ဗြိတိန်နိုင်ငံ၏ကမ္ဘာ့နံပါတ်( ၂ ) ဖြစ်သော Misys နည်းပညာကုမ္ပဏီ၏ Core Banking Softwareကိုစာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပါသည်။(၂၀၁၇–၂၀၁၈)ဘဏ္ဍာရေးနှစ်၊ ပထမနှစ်ဝက်တွင် Core Banking Software အတွက် ကြိုတင်ပေးငွေ(Advance & Receivables)တွင် အသုံးစရိတ်အဖြစ် (၂၀၁၆–၂၀၁၇) ဘဏ္ဍာရေးနှစ် ပထမနှစ်ဝက်ထက် **၅၃. ၉၇ ရာခိုင်နှုန်း** ပိုများခြင်းဖြစ်ပါသည်။

၆။ (၂၀၁၆–၂၀၁၇)ဘဏ္ဍာရေးနှစ်ဝက်တွင် ပထမပုဂ္ဂလိကဘဏ်၏ လည်ပတ်ငွေများအနက် အချို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှရောင်းချသည့် Deposit Auction နှင့် Bill Auction တွင် ကာလတို(၂ပတ်၊၄ပတ်) ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခဲ့သော်လည်း (၂၀၁၇–၂၀၁၈)ဘဏ္ဍာရေးနှစ်ပထမနှစ်ဝက်တွင် ကာလတိုရင်းနှီးမြှုပ်နှံမှုမပြုလုပ်ခဲ့သောကြောင့် ရင်းနှီးမြှုပ်နှံမှုများ (Investment) စာရင်းတွင် **၃၄. ၀၂ ရာခိုင်နှုန်း** လျော့နည်းခြင်းဖြစ်ပါသည်။

၇။ (၂၀၁၇–၂၀၁၈) ဘဏ္ဍာရေးနှစ်ပထမနှစ်ဝက်ဘဏ္ဍာရေးအခြေအနေတွင် ပေးရန်တာဝန်များ(Liabilities) စာရင်းရှိ အခြားပေးရန်တာဝန်များ(Other Liabilities)မှာ (၂၀၁၆–၂၀၁၇)ဘဏ္ဍာရေးနှစ်ဝက်ချုပ်ထက် **၅၇. ၈၅ရာခိုင်နှုန်း** လျော့သွားရခြင်းမှာ(၂၀၁၆–၂၀၁၇)ဘဏ္ဍာရေးနှစ်ဝက်တွင်ပထမပုဂ္ဂလိကဘဏ်၏ အစုရှယ်ယာများ ရောင်းရငွေနှင့် ပရီမီယံများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကနဦးခွင့်ပြုချက်မရရှိသေးမီ Sundry Deposit စာရင်းတွင် ယာယီထည့်သွင်းထားခြင်းဖြစ်ပြီး ယခု(၂၀၁၇–၂၀၁၈)ဘဏ္ဍာရေးနှစ် ပထမနှစ်ဝက်တွင် ဘဏ်အစုရှယ်ယာအသစ်များကို ရောင်းချခြင်းမရှိတော့ခြင်းကြောင့်ဖြစ်ပါသည်။

၈။ သီးသန့်ငွေများနှင့် ချန်ထားအမြတ်များ(Reserves and Retained Earning) ခေါင်းစဉ်အောက်ရှိ နှုတ်ချန်ထားသည့်အမြတ်(Retained Earning) မှာ (၂၀၁၆–၂၀၁၇) ဘဏ္ဍာရေးနှစ်ဝက်ချုပ်ထက် **၃၇. ၄၃ ရာခိုင်နှုန်း** လျော့နည်းခဲ့ပါသည်။ ယင်းသို့ လျော့နည်းရခြင်းမှာ(၂၀၁၆–၂၀၁၇)ဘဏ္ဍာရေးနှစ်အတွက် ဘဏ်အစုရှယ်ယာများကို အမြတ်ဝေစုခွဲဝေပေးရာတွင် **ကျပ်၁၈၉. ၃၃သန်း** က နှုတ်ချန်ထားသည့်အမြတ် (Retained Earning) မှဖြည့်စွက်ခွဲဝေပေးခဲ့သောကြောင့် ဖြစ်ပါသည်။

အမိန့်အရ

(မြင့်ဇော်)
အမှုဆောင်အရာရှိချုပ်